# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 31 , 2023 | Volume 69, Number 22


၃၁.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၄.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး စားသုံးဆီဈေးနှုန်း တည်ငြိမ်ကျဆင်းစေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ပြည်တွင်းစားသုံးဆီဈေးနှုန်း တည်ငြိမ်ကျဆင်းစေရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့၊ နံနက်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ အစည်းအဝေးခန်းမ (၂)၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတော်အနေဖြင့် စားအုံးဆီကိုပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် စားသုံးဆီတင်သွင်းရာတွင် ဝယ်ယူကုန်ကျသည့် နိုင်ငံခြားငွေ၏ ၅၀ ရာခိုင်နှုန်းကို ဗဟိုဘဏ်ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့်လည်းကောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ပြင်ပဈေးထက်သက်သာသည့် နိုင်ငံခြားငွေလဲလှယ်မှု နှုန်းထားဖြင့်လည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးထားပါကြောင်း၊ ၎င်းအပြင် ဝယ်ယူတင်သွင်းသူများ ငွေကြေးအခက်အခဲ မပေါ်ပေါက်စေရေးအတွက် ဗဟိုဘဏ်က သီးခြားအစီအစဉ်ဖြင့်လည်း ထောက်ကူပေးထားပါကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် စားအုံးဆီအခြေခံရည်ညွှန်းဈေးကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အပတ်စဉ်ပုံမှန်တွက်ချက် ထုတ်ပြန်ပေးလျက်ရှိပါ

ကြောင်း၊ သို့ရာတွင် စားသုံးသူဈေးကွက်တွင် စားအုံးဆီဈေးနှုန်းများမှာ ဖြစ်သင့်ဖြစ်ထိုက်သည်ထက် များစွာမြင့်တက်နေပြီး နိုင်ငံတော်အကြီးအကဲ၏စေတနာဖြင့် ဆောင်ရွက်ပေးသည့်အစီအစဉ်ကို စားသုံးသူပြည်သူများ ခံစားရခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ စားအုံးဆီဈေးများမြင့်တက်နေမှုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဇူလိုင်လ (၁) ရက်နေ့က ရန်ကုန်မြို့တွင် လုပ်ငန်းရှင်များအားခေါ်ယူတွေ့ဆုံ၍ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြင့် ရောင်းချရေး သတိပေးပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိအကျိုးအမြတ်ရရှိမှု တစ်ခုတည်းကိုသာ ဦးမတည်ဘဲ စားသုံးသူများ သက်သာချောင်ချိစွာ စားသုံးနိုင်ရေးအတွက် ဦးစားပေးစဉ်းစားရန်လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ညှိနှိုင်းရရှိမှုများကို လက်တွေ့ကျကျ ကြပ်မတ်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရက်ပိုင်းအတွင်း စားအုံးဆီဈေးနှုန်းများ သိသာစွာကျဆင်းစေရေး ဆောင်ရွက်မည်ဖြစ်၍ ပူးပေါင်းပါဝင်ကြရန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း စားသုံးဆီဖြန့်ဖြူးမှုနှင့်ပတ်သက်၍ လိုအပ်သည့်အစီအမံများချမှတ်ကာ ကြပ်မတ်သွားမည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားပါသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးကို တက်ရောက်လာကြသည့် စားသုံးဆီတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီများက စားသုံးဆီပြည်တွင်းပို့ဆောင်ရာတွင် QR Code ဖြင့်ကြပ်မတ်မည့် အစီအစဉ်၊ နေ့စဉ် ကုန်လက်ကျန်သတင်းပို့မှုအစီအစဉ်၊ လက်ကားနှင့်လက်လီရောင်းချသူများအကြား ဈေးနှုန်းကွာဟမှုမရှိစေရေးနှင့် မြို့ကြီးများအလိုက် သတ်မှတ်ဈေးနှုန်းဖြင့် စားအုံးဆီဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်း ဆွေးနွေးကြပါသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသည့် လုပ်ငန်းရှင်များက သတ်မှတ်ရည်ညွှန်းဈေးကိုအခြေခံပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချရာတွင် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းကို ရှောင်ကြဉ်မည်ဖြစ်ကြောင်း၊ ရည်ညွှန်းဈေးအပေါ်အခြေခံကာ သက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း၊ စားသုံးဆီဈေးနှုန်းများကို လက်ရှိအခြေအနေမှလျှော့ချသွားရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်မည့်အစီအစဉ်များအပေါ် အပြည့်အဝလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုကြပြီး အစည်းအဝေးကို ရုတ်သိမ်းခဲ့ပါသည်။

ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် စားသုံးဆီတင်သွင်းဖြန့်ဖြူးနေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%

## ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းမှ ၁၉.၈.၂၀၂၃ မှ ၂၅.၈.၂၀၂၃ အထိ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၉-၈-၂၀၂၃) မှ (၂၅-၈-၂၀၂၃) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဇီးဖတ်၊ ချင်း(အစို)၊ အုန်းသီးနှင့် ဇီးယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၃၁၅၀ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ချင်း(အစို)တန်ချိန် ၈၉ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ချင်း(အစို)တန်ချိန် ၈၇ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ချင်း(အစို) တန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်းသိရပါသည်။ ယခုအပတ် ချင်း (အစို) တင်ပို့နိုင်မှုငွေပမာဏမှာ ၄၀၀၅၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: ရခိုင်ပြည်နယ်ဦးစီးမှူးရုံး

## ငှက်ပျောစိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် ငှက်ပျောခြံများ တိုးချဲ့စိုက်ပျိုးလာကြပြီး မိမိတို့ အိမ်ခြံဝင်းအတွင်း အပိုဝင်ငွေရရှိရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း၊ ဒေသတွင်းစိုက်ပျိုးသည့်မျိုးများအနေဖြင့် ဖီးကြမ်းငှက်ပျော(ရိုးရိုး)နှင့် ဖီးကြမ်း (ကျောက်စိမ်း)မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ငှက်ပျောသားတက်ပင် တစ်ပင်လျှင် ၃၅၀ ကျပ်နှုန်းဖြင့် ကနီမြို့နယ်မှဝယ်ယူပြီး တစ်ကေလျှင် အပင်ရေ (၈၀၀) ခန့်စိုက်ပျိုးရကြောင်း၊ ငှက်ပျောစိုက်ပျိုးပြီး (၁၃) လသားအရွယ်တွင် ငှက်ပျောအခိုင်စတင်ထွက်ရှိ၍ တစ်ပင်လျှင် တစ်ခိုင်ထွက်ရှိပြီး တစ်ခိုင်လျှင် (၁၀) ဖီးခန့်ပါရှိရာ ရောင်းတန်းဝင် (၅) ဖီး ခုတ်ယူရကြောင်း၊ မြေဆီ မြေသားကောင်းမွန်မှုနှင့် ရေရရှိမှုအပေါ်မူတည်၍ ငှက်ပျောစိုက်ပင် သက်တမ်း (၅) နှစ်မှ (၇) နှစ်ခန့်အထိ ရောင်းတန်းဝင် ငှက်ပျောခိုင်များ ထွက်ရှိကြောင်း၊ ထွက်ရှိသော ငှက်ပျောများကို မြို့ပေါ်ရှိ ကုန်သည်များမှ တစ်ဖီးလျှင် ၁,၀၀၀-၁,၂၀၀ ကျပ်နှုန်းဖြင့် ငှက်ပျောခြံသို့ လာရောက်ဝယ်ယူကြပြီး မြို့တွင်းလက်လီဈေးများသို့လည်း ပြန်လည်ရောင်းချမှုများရှိသောကြောင့် ငှက်ပျောစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရရှိပြီး တွက်ခြေကိုက်ကာ အဆင်ပြေနေကြောင်းသိရှိရသည်။

Source: https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%

## သံတောင်ကြီးဒေသထွက် ချဉ်ပေါင်ဖာလာသီးများ စတင်ဆွတ်ခူး

ကရင်ပြည်နယ် သံတောင်ကြီးဒေသ၌ ဒေသခံပြည်သူများမှာ အသက်မွေးဝမ်းကျောင်းအဖြစ် ဖာလာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကစိုက်ပျိုးလုပ်ကိုင်ကြပြီး ဩဂုတ်လ နောက်ဆုံးပတ်မှစတင်ကာ ဖာလာသီးများ စတင်ဆွတ်ခူးပြီဖြစ်ကြောင်း သိရသည်။ သံတောင်ကြီးဒေသခံ ပြည်သူအများစုမှာ နှစ်ရှည်ပင်သီးနှံဖြစ်သည့် ဖာလာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး ဖာလာပင်များ အောင်မြင်ဖြစ်ထွန်းကာ အသီးထွက်နှုန်းကောင်းစေရန် မျိုးကောင်းမျိုးသန့်များဖြစ်သော သန့်မော်နှင့်ကမိုဒေါ စသည့် ဖာလာမျိုးပင်များကို စိုက်ပျိုးကြသည်။

အဆိုပါဖာလာမျိုးပင်များကို မိုးတွင်းအချိန် ဇွန်လတွင်စိုက်ပျိုးပြီး သုံးနှစ်ခန့်တွင် အသီးများစတင်သီးကာ ဩဂုတ်လ နောက်ဆုံးပတ်မှ အောက်တိုဘာလအထိ ဆွတ်ခူးကြသည်။ ဖာလာသီးခြောက်များကို တောင်ငူမြို့ရှိ ဖာလာအဝယ်ဒိုင်များတွင် သွားရောက်ရောင်းချကြပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် ဖာလာသီးအခြောက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ဖြင့် ဝယ်ယူကြကြောင်း ဖာလာရောင်းဝယ်ခြင်း လုပ်ငန်းလုပ်ကိုင်သူ ဒေါ်နော်မိုခင်းထံမှ သိရသည်။

**Source:** https://www.myawady.net.mm/node/45189

## မန္တလေးကုန်စည်ဒိုင် ပဲဈေးကွက်တွင် မြေထောက်ပဲနှင့် ပဲပုတ်အရောင်းသွက်၍ဈေးမြင့်လာ

ဩဂုတ်လ နောက်ဆုံးပတ်အတွင်း မန္တလေးကုန်စည်ဒိုင် ပဲဈေးကွက်တွင်ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ မြေထောက်ပဲနှင့်ပဲပုတ်များ အရောင်းသွက်နေကြောင်းသိရသည်။ ပဲလက်ကျန် နည်းလာခြင်း၊ ပြည်တွင်းဝယ်ယူမှုအပြင် ပြည်ပဝယ်လက်များမှလည်း အဝယ်သွက်နေသောကြောင့် မြေထောက်ပဲ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၅၀၀၀ မှ အမြင့်ဆုံး ကျပ် ၄၀၀၀၀ ထိ ၊ ပဲပုတ် ၅၃ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် အနိမ့်ဆုံး ၅၀၀၀ မှ အမြင့်ဆုံး ၄၀၀၀၀ ထိ မြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

မြေထောက်ပဲ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၃၀၀၀၀ မှ ၃၈၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၃၃၀၀၀၀ မှ ၃၇၅၀၀၀၊ ယခင်လ ကျပ် ၃၂၀၀၀၀ မှ ၃၄၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ ၊ ယခင်လထက် ကျပ် ၁၀၀၀၀ မှ ၄၀၀၀၀ မြင့်တက်လာသည်။

ပဲပုတ်(ဗမာ) ၅၃.၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၄၀၀၀၀ မှ ၂၅၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၃၅၀၀၀ မှ ၂၄၀၀၀၀၊ ယခင်လ ကျပ် ၂၀၈၀၀၀ မှ ၂၁၀၀၀၀ ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်ထက်ကျပ် ၅၀၀၀ မှ ၁၀၀၀၀ ၊ ယခင်လထက် ကျပ် ၃၂၀၀၀ မှ ၄၀၀၀၀ မြင့်တက်လာသည်။ ပဲပုတ်(ရှမ်း) ၅၃ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၆၈၀၀၀ မှ ၁၆၉၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၆၈၀၀၀ မှ ၁၆၉၀၀၀၊ ယခင်လ ကျပ် ၁၅၅၀၀၀ မှ ၁၅၈၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၁၁၀၀၀ မှ ၁၃၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကြက်သွန်နီ ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံသို့ ကြက်သွန်နီများ နေ့စဉ်ပိဿာချိန် ၁၅၀၀၀ ကျော် ပုံမှန်ဝင်ရောက်လျက် ရှိပါသည်။ ပွဲရုံသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်းအဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့် ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်း သိရပါသည်။

ဩဂုတ်လနောက်ဆုံးအပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျှက်ရှိသော ကြက်သွန်နီ တစ်ပိဿာပေါက်ဈေးနှုန်းများ မှာ လက်ကား (ကြီး) (၃၄၀၀-၃၅၀၀)ကျပ်၊ (လတ်) (၃၂၀၀-၃၃၀၀) ကျပ်၊ (သေး) (၂၉၀၀-၃၀၀၀)ကျပ်၊ အသေးဆုံးအစမှာ (၂၅၀၀-၂၇၀၀)ကျပ်နှုန်းနှင့် အလုံးဆိုက်၊ အစိုအခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိနေပါသည်။ ကြက်သွန်နီ လက်လီဈေးနှုန်းများမှာ (ကြီး) (၃၆၀၀- ၃၇၀၀)ကျပ်၊ (လတ်)(၃၅၀၀-၃၄၀၀) ကျပ်၊ (သေး) (၃၂၀၀-၃၃၀၀) ကျပ် ရှိပါသည်။

ကြက်သွန်ဖြူ လက်ကားဈေးမှာ (ဗမာ) (၁၀၀၀၀-၁၂၀၀၀)ကျပ်၊ (ရှမ်းစ) (၉၀၀၀- ၁၀၀၀၀)ကျပ်၊ ကြူကုတ် (၈၀၀၀-၈၅၀၀)ကျပ်ဖြစ်ပြီး လက်လီဈေးမှာ(ဗမာ) (၁၂၅၀၀-၁၃၆၀၀)ကျပ်၊ (ရှမ်းစ) (၉၈၀၀-၁၁၇၀၀)ကျပ်၊ ကြူကုတ် (၈၇၀၀-၉၅၀၀)ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်းသိရပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံး-မုံရွာ**

## မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်း/ဈေးကွက်အခြေအနေ

ဩဂုတ်လနောက်ဆုံးပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက် အခြေအနေမှာ နှမ်းညို၊ နှမ်းဖြူ၊ နှမ်းနက်၊ဈေးနှုန်းများနှင့် မြေပဲလုံးဆံနီ၊ မြေပဲလုံးဆံဖြူတို့ ဈေးမြင့်တက်နေကြောင်းသိရသည်။ ယခုအပတ်တွင်း နှမ်းညို တစ်တင်းလျှင် (၁၀၄၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁၁၅၀၀၀-၁၃၀၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၉၅၀၀၀-၁၂၀၀၀၀) ကျပ်၊ နှမ်းဝါ တစ်တင်းလျှင် (၁၀၆၀၀၀) ယခင်လကာလတူအချိန် ပေါက်ဈေးနှုန်း မှာ နှမ်းညို တစ်တင်းလျှင် (၉၄၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁၁၅၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၉၅၀၀၀)ကျပ် ရှိပြီး ယခုအပတ်နှင့်ယခင်လကာလတူနှိုင်းယှဉ်ပါက နှမ်းညို တစ်တင်းလျှင် (၁၀၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၂၅၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁၅၀၀၀)ကျပ် ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။

ယခုအပတ်တွင်း မြေပဲလုံးဆံပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆံနီ တစ်ပိဿာ (ဟ-၉၈၀၀/သ-၇၇၀၀)ကျပ်၊ မြေပဲလုံးဆံဖြူ တစ်ပိဿာ (၇၀၀၀)ကျပ် မြေပဲဆီဆံဖြူ တစ်ပိဿာ (၆၅၅၀)ကျပ်ရှိပြီး ယခင်လအတွင်း ကာလတူ ပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆံနီ တစ်ပိဿာ(၉၀၀၀) ကျပ်၊ မြေပဲလုံးဆံဖြူ တစ်ပိဿာ (၆၈၀၀-၆၉၀၀)ကျပ်၊ မြေပဲဆီဆံဖြူ တစ်ပိဿာ(၆၆၀၀)ကျပ်၊ ယခုအပတ် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲဆံဈေးအနည်းငယ် မြင့်တက်နေကြောင်း သိရသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံး-မုံရွာ**

## ဘင်္ဂလားဒေ့ရှ်က မြန်မာ့ကြက်သွန်နီ တန်ချိန် ၂၀၀ ဝယ်ယူမည်



ဘင်္ဂလားဒေ့ရှ်အစိုးရက ကြက်သွန်နီတန်ချိန် (၂၀၀) ကို မြန်မာနိုင်ငံကနေ ဝယ်ယူတင်သွင်းဖို့ ခွင့်ပြုပေးလိုက်တယ်လို့ ဘင်္ဂလားဒေ့ရှ်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောပါတယ်။

အစိုးရက တင်သွင်းခွင့်ပြုတဲ့ ကြက်သွန်နီတန်ချိန် (၂၁,၅၈၀) ထဲက မြန်မာနိုင်ငံအနေနဲ့ ခွဲတမ်းအဖြစ် တန်ချိန် (၂၀၀) တင်ပို့ခွင့် ရရှိခဲ့ပါတယ်။

အိန္ဒိယဘက်က ကြက်သွန်နီတင်ပို့မှုအပေါ် အခွန် (၄၀) ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံမှုကြောင့် ပြည်တွင်းဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းတွေ မြင့်တက်လာခဲ့ပြီးနောက် ယခုလို မြန်မာအပါအဝင် နိုင်ငံ (၉) ခုကနေ တင်သွင်းမယ့် ဆုံးဖြတ်ချက်ထွက်ပေါ်ခဲ့တာပါ။

မြန်မာနိုင်ငံကလည်း ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံတွေထံ ကြက်သွန်နီတန်ချိန် (၁) သိန်းကျော်အထိ တိုးမြှင့် တင်ပို့နိုင်ဖို့ ရည်မှန်းထားပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း ကြက်သွန်နီဈေးက တစ်ပိဿာကို အမြင့်ဆုံး ကျပ် (၃၅၀၀) အထိ ဈေးရနေပြီး ဇူလိုင်လဆန်း ဈေးနှုန်းထက် တစ်ပိဿာ ကျပ် (၁၃၀၀) ကျော်အထိ မြင့်တက်လာပါတယ်။

စီးပွား/ကူးသန်းဝန်ကြီးဌာနရဲ့ စာရင်းများအရ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ ပြည်ပဈေးကွက်ထံ ကြက်သွန်နီတန်ချိန် (၉၄၀၀၀) ခန့် တင်ပို့နိုင်ခဲ့ပြီး အဲ့ဒီကနေ အမေရိကန်ဒေါ်လာ (၄၁) သန်းကျော် ရရှိထားပါတယ်။ မြန်မာ့ကြက်သွန်နီ အဓိကဝယ်ယူနေတဲ့ ဖောက်သည်နိုင်ငံတွေထဲမှာ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ စင်ကာပူနဲ့ အမေရိကန်နိုင်ငံတွေ ပါဝင်နေပါတယ်။

မြန်မာနိုင်ငံတစ်ဝှမ်းမှာ ကြက်သွန်စိုက်ဧက (၁၇၀၀၀၀) ကျော်ရှိပြီး ထုတ်လုပ်မှုတန်ချိန် (၁) သန်းခန့် ရှိတယ်လို့ အချက်အလက်တွေအရ သိရှိရပါတယ်။

**Source: BETV Business**

## အိန္ဒိယဆန်ကို နိုင်ငံ ၃ နိုင်ငံသို့ တင်ပို့ခွင့် ခွဲတမ်းချမှတ်

အိန္ဒိယဆန် နိုင်ငံ ၃ နိုင်ငံတို့ထံ တင်ပို့ရန် အိန္ဒိယအာဏာပိုင်တို့က ခွဲတမ်းချထားပေးသည်။ အိန္ဒိယနိုင်ငံသည် ဘူတန်၊ မောရစ်သျှနှင့်စင်ကာပူသို့ ဘာစမာတီမဟုတ်သော ဆန်ဖြူများကို တင်ပို့ရန်အတွက် ခွဲတမ်းခွဲဝေပေးရန် ဆုံးဖြတ်ခဲ့ကြောင်း အစိုးရက ဗုဒ္ဓဟူးနေ့(ဩဂုတ် ၂၉)တွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ဘာစမာတီမဟုတ်သော ဆန်ဖြူ မက်ထရစ်တန် ၇၉၀၀၀ ဘူတန်နိုင်ငံသို့ တင်ပို့ရန်ခွင့်ပြုသည်။ စင်ကာပူသို့ မက်ထရစ်တန် ၅၀၀၀၀ နှင့် မောရစ်သျှသို့ မက်ထရစ်တန် ၁၄၀၀၀ တင်ပို့ရန် ခွင့်ပြုသည်။

ပြီးခဲ့သည့်နှစ်က အိန္ဒိယသည် ဆန်ကွဲတင်ပို့မှုကို တားမြစ်ခဲ့ပြီးနောက် တွင်ကျယ်စွာစားသုံးသော ဆန်အမျိုးအစား ဖြစ်သည့် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအား ဇူလိုင်လတွင် ပိတ်ပင်ထားသည်။ ထို့ပြင် ပေါင်းဆန်တင်ပို့မှုအပေါ် ပို့ကုန်ခွန် ၂၀% ကို အောက်တိုဘာလ လလယ်အထိ စည်းကြပ်မည်ဖြစ်သည်။

**Source : Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6779-asia-rice.html

## အိန္ဒိယနိုင်ငံသည် ယခုနှစ် ဧပြီလမှဇွန်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရှယ်ယာ ၃၄ ရာခိုင်နှုန်း ကျဆင်းခဲ့

အိန္ဒိယသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)သည် ယခုနှစ် ဧပြီလမှ ဇွန်လအထိ ၃၄ ရာခိုင်နှုန်း၊ အမေရိကန်ဒေါ်လာ ၁၀.၉၄ ဘီလီယံသို့ ကျဆင်းခဲ့သည်ဟု စက်မှုနှင့်ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန(Department for promotion of Industry and Internal Trade -DPIIT) မှ သိရှိရကြောင်း The Economic Times သတင်းစာတွင်ဖော်ပြထားပါသည်။

FDI စီးဆင်းမှုသည် 2022-23 ခုနှစ် ဧပြီလမှ ဇွန်လ 23 ရက်နေ့အတွင်း ကန်ဒေါ်လာ 16.59 ဘီလီယံအထိရှိခဲ့သည်ဟု DPIIT မှ အချက်အလက်များအရ သိရှိရကြောင်း၊ မောရစ်သျှ၊ စင်္ကာပူ၊ အမေရိကန်နှင့် ယူအေအီးအပါအဝင်နိုင်ငံများမှ FDI သည် ယခု 2023-24 ခုနှစ် ဧပြီလအတွင်း ကျဆင်းခဲ့ပြီး ကွန်ပြူတာဟာ့ဒ်ဝဲနှင့်ဆော့ဖ်ဝဲလ်၊ ကုန်သွယ်မှု၊ မော်တော်ကားနှင့် ဆေးဝါးစသည့် ကဏ္ဍများတွင် အဓိကရင်းနှီးမြှုပ်နှံမှုများကျဆင်းခဲ့ပါကြောင်းနှင့် FDI များသည် Maharashtra ပြည်နယ်တွင် အဓိကလာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ကြပါကြောင်း၊ယင်းပြည်နယ်၏နောက်တွင် ကာနာတာကာ၊ ဂူဂျာရတ်နှင့် ဒေလီပြည်နယ်တို့သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအများအပြား လာရောက်သည့်ပြည်နယ်များဖြစ်ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယသည် 2020 ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုမှာ ဒေါ်လာ 64 ဘီလီယံရှိရာမှ ၂၀၂၁ ခုနှစ်တွင် 30 ရာခိုင်နှုန်း၊ ဒေါ်လာ 45 ဘီလီယံအထိ ကျဆင်းသွားသော်လည်း ယင်းနှစ်တွင် သတ္တမမြောက် FDI အများဆုံးလက်ခံရရှိသူဖြစ်သည်ဟု ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံမှ သိရှိရပါကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ FDI စီးဆင်းမှုသည် 2021 ခုနှစ်၊ ကပ်ရောဂါမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိပြီး ဒေါ်လာ 1.6 ထရီလီယံနီးပါးအထိ ရှိကြောင်းလည်း The Economic Times သတင်းစာတွင်ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ပထဝီနိုင်ငံရေးမတည်ငြိမ်မှုများ၊ ဘဏ်အတိုးနှုန်းမြင့်မားမှုများနှင့် ပြည်တွင်းမူဝါဒဆိုင်ရာ မတည်ငြိမ်မှုများကြောင့်ဖြစ်နိုင်သည်ဟု ပြည်တွင်းသတင်းမီဒီယာများမှ သုံးသပ်လျက်ရှိပါကြောင်း သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source : FDI equity inflow dip 34 % to $ 10.94 bn in April – June, 27 August 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)%20_30082023%20_12:55

## STOCK EXCHANGE (31.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 31st Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,765 (Shares) | 18,867,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | +100 | +1.06% | 9,400 | 9,500 | 9,400 | 197 | 1,852,500 | 33,109,694 | 314,542 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,150 | 3,250 | 3,150 | 4,838 | 15,397,800 | 38,929,150 | 126,520 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 30 | 243,000 | 10,400,986 | 84,248 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 5 | 8,500 | 29,664,613 | 50,430 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 1 | 2,450 | 12,823,224 | 31,417 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 100 | 230,000 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,850 | 584 | 1,084,600 | 23,804,946 | 45,229 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 31st Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.51 | +3.34 | +0.85% | 393.69 | 397.51 | 393.06 | 5,765 | 18,867,850 | 8 | 749,772 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 31st Aug. 2023

| Trading Volume | Trading Value |
|---|---|
| 5,765 (Shares) | 18,867,850 (MMK) |

### Main Board

As of 1:00 pm, 31st Aug. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,765 (Shares) | 18,867,850 (MMK) |

| MYANPIX | 397.51 ▲ 3.34 |
|---|---|
| Total Volume (shares) | 5,765 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 749,772 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▲ 100 |
| MTSH | 00002 | 3,250 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |